## မြေဇာမြက်

Scientific name - *Cynodon dactylon* (L.) Pers

Common name - Bermuda grass

Family - Poaceae




အပင်ပုံသဏ္ဍာန်

နှစ်ရှည်ခံပင်မျိုးဖြစ်ပြီး ပြောင်ချောသော ကိုင်းများစွာဖြာထွက်သည်။ မြေပေါ်ပင်စည်သည် မြေ၌ကပ်လျက် ပြန့်ကြဲစွာပေါက်ပြီး မြေအောက်၌ မြေအောက်ပင်စည်ရှိသည်။ အညွန့်နှင့်အမြစ်များသည် အဆစ်များမှထွက်သည်။ ဆစ်ကြားသည် ၁၀ စင်တီမီတာခန့် ရှိသည်။ အရွက်သည် စိမ်းပြာရောင်ရှိပြီး အပေါ်ပိုင်းတွင်အမွေးရှိ၍ ရွက်နားကြမ်းသည်။ ထပ်ဆင့်ပန်းခိုင်များစွာဖြင့် ဖွဲ့စည်းထားပြီး ပန်းခိုင်၏တစ်ဖက်တည်းတွင် ထပ်ဆင့်ပန်းခိုင်နှစ်တန်း ဖြစ်ပေါ်နေသည်။ အစေ့သည်ခွံစပ်တစ်စေ့သီးဖြစ်ပြီး တောက်ပသောအညိုရောင်ရှိသည်။ မြေလျှောက်ပင်စည်ပိုင်းပြတ်များ၊ မြေအောက်ပင်စည်နှင့် အစေ့အားဖြင့် မျိုးပွားသည်။